မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ____ Volume 6/ Issue 9/ September/ 2013



The *Love* of a *Family* is life's greatest *Blessing*

## BCF
## Christian Home and Family Sunday

September 29, 2013
2:00 PM
at
Burmese Christian Fellowship
St. Luke's Episcopal Church.
122 S. California Ave. Monrovia, CA 91016

You all are cordially invited by BCF.
Let us get worship together in the presence of God.
Bring your family/ friends/ whoever you want and yourself too.

Hope to see you all!
In Christ,
BCF

## CHRISTIAN HOME and FAMILY

### Mission & Vision



To help you make Christ the center of your home, So that you can establish a legacy of radical faith in your family for generations to come.

## မေတ္တာမရှိလျှင် ‥ အကျိုးမရှိ

ငါသည် လူဘာသာစကားကိုဖြင်း၊ ကောင်းကင်တမန်ဘာသာစကားကိုဖြင်း၊ ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သော တံပိုးခရာကဲ့သို့ဖြင်း၊ တီးတံကိုသာ ပေးတတ်သော လင်းကွင်းကဲ့သို့ဖြင်း ဖြစ်၏။

ပရောဖက်ဉာဏ်ကို ငါရ၍၊ နက်နဲသောအရာ ရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်ဖြင်း၊ တောင်များကို ရွှေ့နိုင်သော ယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်ဖြင်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက် ဖြစ်၏။

သူတပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်း၊ မေတ္တာမရှိလျှင် ငါ၌ အကျိုးမရှိ။

**ကောရိန္သုဩဝါဒစာပဌမစောင်။ ၁၃ း ၁ . ၂ . ၈**

# Christian Home & Family Bible Verses

"Above all else, guard your heart, for everything you do flows from it."
Proverbs 4:23

1. Humility:

"Blessed are the poor in spirit, for theirs is the kingdom of heaven." Matthew 5:3

2. Love for God:

"Love the Lord your God with all your heart and with all your soul and with all your mind and with all your strength . . . Love your neighbor as yourself . . ." Mark 12:30-31

3. Love for Others:

"Love is patient, love is kind. It does not envy, it does not boast, it is not proud. It does not dishonor others, it is not self-seeking, it is not easily angered, it keeps no record of wrongs. Love does not delight in evil but rejoices with the truth. It always protects, always trusts, always hopes, always perseveres." 1 Corinthians 13:4-7

"Everyone should be quick to listen, slow to speak and slow to become angry." James 1:19b

4. Thankfulness:

"Rejoice always, pray continually, give thanks in all circumstances; for this is God's will for you in Christ Jesus." 1 Thessalonians 5:16-18

# Home Sweet Home

Home is where the heart is –
this is what people always say.
Home is where my Awesome God –
will always be lifted up, I pray.

Home is where my grandchildren are playing
with kittens, toys and pups.
Home is where there is prayer, lots of love
and even child-like grown ups.
Home is where my heart is consistent and humble in seeking God.
Home is where my feet will ever so gently and softly trod.

As we go about each day and night while hearing
the pitter- patter of little feet.
We must remember that someday they'll be all
grown up and moved away to another street.

Let's remember many souls live in this house
and on God's word we shall always stand.
Let's never give into to selfishness and sin
and learn to simply hold God's hand.
If we can remember to do these few simple
things our life will be really blessed.
In God's word, He promises if we'll simply trust and obey,
He'll always give His very best.

"as for me and my house we will serve the Lord"
Joshua 24:15

Lisa S. Satcher © 10-25-01

# ကျေးဇူးတော်ချီးမွမ်းသောနှလုံး --- A Thankful Heart

သခင်ယေရှုခရစ်နှင့်ငါတို့အဘတည်းဟူသောဘုရားသခင်အထံတော်ကကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည်သင်တို့၌သက်ရောက်ပါစေကြောင်းရှေးဦးစွာနှုတ်ခွန်းဆက်သပါတယ်။

ရှေးဦးစွာလေ့ကျင့်ခန်းလေးသုံးခုအားဖြင့်အစပြုလိုပါတယ်။
လေ့ကျင့်ခန်းတစ်ခုစီကိုသုံးဆယ်စကန့်အချိန်ယူပြီးဆင်ခြင်စဉ်းစားကြပါစို့။

- ဤနေ့တစ်ရက်လုံးအတွက်သင်ကျေးဇူးတော်ချီးမွမ်းဆုံးသောအရာကားမည်သည့်အရာနည်း။
  For what moment today am I most grateful? (Consolation)
- ဤနေ့တစ်ရက်လုံးအတွက်သင်ကျေးဇူးတော်မချီးမွမ်းဆုံးသောအရာကားမည်သည့်အရာနည်း။
  For what moment today am I least grateful? (Desolation)
- ထို့နောက် အလုံးစုံသောအရာများအတွက်ကျေးဇူးတော်ကိုချီးမွမ်းပါ။
  Then pray for everything and give thanks to God.

- ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို မရေတွက်မချီးမွမ်းဖူးသူရှိပါသလား။

မရေတွက်မချီးမွမ်းဖူးသူမရှိပါ။
အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ကျေးဇူး၊ဂရုဏာတော်နှင့်ကင်းလွတ်သောသူ တစ်စုံ တစ်ယောက်မျှမရှိပါ။
ရှေးဦးစွာ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ၏။
ပြုတော်မူသောအလုံးစုံသောအရာတို့အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ၏။
ဟာလေလုယာ။

- ဘုရားသခင်၏ ကျေးဇူးတော်ကိုဘယ်လိုအချိန်မျိုးမှာချီးမွမ်းပါသလဲ။
  - ကောင်းစားသောအချိန်၊ အဆင်ပြေတဲ့အချိန်၊
  - ဆင်းရဲဒုက္ခရောက်ချိန်၊ ဝမ်းနည်းချိန် ၊ စုံစမ်းခြင်းများနဲ့တွေ့ကြုံရချိန်၊
  - အချိန်တိုင်း၊ အရာရာတိုင်းတွင် ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။

- ကျွန်ုပ်တို့၏နှလုံးသားကဘယ်လိုနှလုံးသားမျိုးနဲ့ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်နေပါသလဲ။ အသက်ရှင်လိုက်ရှောက်နေကြပါသလဲ။
  - ကျေးဇူးတော်ကိုချီးမွမ်းတတ်သော နှလုံးသား (သို့မဟုတ်) အဆင်မပြေစရာ၊ စိတ်တိုင်းမကျစရာများနဲ့ကြုံလာရသောအ ခါမှာမြည်တမ်းငြူစူသောနှလုံးသား
  - ကျေးဇူးေ တာ်ချီးမွမ်းခြင်း နှင့် ကျေးဇူးတော်မချီးမွမ်းနိုင်ခြင်း ဘယ်အချိန်ကပိုများနေပါသလဲ
  - ကျေးဇူးတော်မချီးမွမ်းနိုင်ရခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းကိုအဟန့်အတားဖြစ်စေရခြင်းကမည်သည့်အကြောင်းအရာများလဲ ?။
  - ကျေးဇူးတော်ကိုအချိန်တိုင်းမှာချီးမွမ်းနိုင်ဖို့ရန်ဘယ်လိုအသက်ရှင်လိုက်ရှောက်မလဲ၊

သက်သေခံချက်

- ဘုရားသခင်၏ပို့ဆောင်မှုကြောင့်တစ်နှစ်တာစာသင်နှစ်ကိုကောင်းမွန်စွာပြီးမြောက်မြင်ခွင့်ရရှိခဲ့ပါတယ်။
- တစ်နှစ်တာပတ်လုံးမှာဘုရားသခင်၏ကျေးဇူးတော်များစွာကိုခံစားရရှိ၏။
- ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ဒုက္ခရောက်၊ စိတ်ပျက်ခြင်းများနဲ့တွေ့ကြုံခဲ့ရ၍၊ ကျေးဇူးတော် မချီးမွမ်းနိုင်လောက်အောင်ဖြစ်ခဲ့တဲ့အချိန်လည်း ရှိခဲ့ပါသည်။
- သို့ရာတွင်ဘုရားသခင်သည်ကျမရေတွက်နိုင်သည်ထက်ကျမအပေါ်ကောင်းမြတ်ခဲ့ကြောင်းပိုမိုသိရှိလာပြီးကျေးဇူးတော်ကိုတိုး၍ချီးမွမ်းနိုင်ရန်အတွက်သွန်သင်ခဲ့ပါတယ်။
- လာမဲ့စာသင်နှစ်ကိုလည်းကျေးဇူးတော်ခြင်းမွမ်းခြင်းအားဖြင့်ဆက်လက်သွားနိုင်ဖို့ရန်ဘုရားသခင်ထံမှခွန်အားတောင်းခံလျက်ဆက်လက်သွားရမှာဖြစ်ပါတယ်။
- ကျေးဇူးတော်ခြင်းမွမ်းခြင်းအားဖြင့်အောင်မြင်မှုကိုဘုရားသခင်ကပေးပါတယ်၊အချိန်တိုင်းမှာကျေးဇူး
  တော်ချီးမွမ်းတတ်ရန်ဘုရားသခင်၏သွန်သင်ခြင်းကိုပို၍ခံစားရရှိလာခဲ့ပါတယ်။

၁. ကျေးဇူးတော်ချီးမွမ်းခြင်းသည်ခရစ်ယာန်အသက်တာမှာအဘယ်ကြောင့်အရေးကြီးပါသနည်း။

- ကျေးဇူးတော်ချီးမွမ်းခြင်းသည်ခရစ်ယာန်အသက်တာအတွက်မရှိမဖြစ်လိုအပ်သောလက္ခဏာရပ်တစ်ခုဖြစ်သည်။
- ဝိညာဉ်ရေးရာရှင်သန်ကြီးထွားဖို့ရန်အတွက်ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသားသည်အလွန်မှလိုအပ်ပါသည်။
- ကျေးဇူးတော်ချီးမွမ်းခြင်းသည်ခရစ်ယာန်အသက်တာအတွက်အောင်မြင်မှုကိုရရှိစေသည်။

- ကျေးဇူးတော်ချီးမွမ်းခြင်းသည်တစ်ရက်အတွက်သာမဟုတ်ဘဲခရစ်ယာန်တို့၏အသက်တာတွင်နေ့ရက်အစဉ်ပြုလုပ်ရမည့်အရာဖြစ်သည်။

- ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသားရှိခြင်းကကျွန်ုပ်တို့၏ဘဝကိုရှုမြင်ခြင်းအားပြောင်းလဲစေသ
သည်။ ဘဝကိုအကောင်းဘက်မှပိုမို၍ကြည့်မြင်လာစေသည်။

၂. ကျေးဇူးတော်ချီးမွမ်းသောနှလုံးသားကိုဘုရားသခင်မည်သို့ကြည့်မြင်ပါသနည်း၊

- နှလုံးသည်အသက်၏အခြေအမြစ်ဖြစ်သောကြောင့်၊သင်၏နှလုံးကိုအထူးသဖြင့်စောင့်ရှောက်လော့။ (သုတ်၄း၂၃)
- နှလုံးသားထဲမှလာသောကျေးဇူးတော်ချီးမွမ်းခြင်းကိုဘုရားသခင်နှစ်သက်၊နားငြောင်းပြီးကောင်းကြီး
ပေး၊ဘေးဒုက္ခအပေါင်းမှကာကွယ်သည်။
- ဘုရားသခင်၏ကျေးဇူးတော်နှင့်ကောင်းမြတ်ခြင်းကိုကျွန်ုပ်တို့၏အသက်တာ၌ရေတွက်ချီးမွမ်းခြင်း
သည်ဘုရားသခင်၏နှလုံးသားကိုပိုမို၍တို့ထိစေပြီး
ကျွန်ုပ်တို့အားကောင်းကြီးမင်္ဂလာများ
ထပ်မံပေးရန်အတွက်နှိုးဆော်မှုကိုဖြစ်စေသည်။
- ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသားသည် ဘုရားသခင်၏
ကောင်းကြီးမင်္ဂလာများစွာ
ကိုခံစားရရှိနိုင်အတွက်တံခါးပေါက်တစ်ခုပင်ဖြစ်သည်။

၃. ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ဆက်ဆိုင်သောအဆိုအမိန့်များ-----

- ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသားသည်အကြီးမြတ်ဆုံးသောသီလဖြစ်သည်သာမကအခြားသောသီလအလုံးစုံတို့၏မူလရင်းမြစ်ဖြစ်သည်။ (ဆီဆာရိုရို)
- ကျေးဇူးတော်ချီးမွမ်းမှုမရှိသောအကျင့်သီလတိုင်းသည်ဝိညာဉ်ရေးရာအသက်တာလမ်းခရီးအတွက်
မပြည့်စုံမှုကိုဖြစ်စေသည်။ (ဂျွန်ဟန်နရီဂျိုးဝက်)
- ကောင်းကြီးနောက်တစ်ခုရေတွက်၊ ပြုတော်မူသောကျေးဇူးတော်ရေတွက် (ဂျေအော်တမန်)
- အိုအဖဘုရားကျွန်ုပ်အားအသက်ရှင်သန်ခွင့်ကိုပေးသောကြောင့်ကျေးဇူးတင်ပါသည်။ ကျွန်ုပ်နှလုံးသားအားကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ပြည့်ဝစေရန်အတွက်စောင်မတော်မူပါ။ (ဝီလျံရှိတ်စပီးယား)

၄. ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ဆက်ဆိုင်သောသမ္မာကျမ်းစာသွန်သင်ချက်များမှာ----

- ကျေးဇူးတော်ကိုသိသောစိတ်ရှိကြလော့။ (ကောလောသဲ၃း၁၅)
- ကျေးဇူးတော်ကြီးလှပါ၏ဟုထိုသခင်ကိုအမှီပြု၍ဘုရားသခင်ရှေ့၌ဝန်ခံကြလော့။ (ကောလောသဲ ၃း၁၇)
- ကျေးဇူးတော်အပေါင်းကိုမမေ့လျော့နှင့်။ (ဆာ ၁၀၃း ၂)
- ထာဝရဘုရားသည်ကောင်းမြတ်တော်မူ၍ဂရုဏာတော်သည်အစဉ်အမြဲတည်သောကြောင့်ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ (ဆာ ၁၀၆း၁)
- လူသားတို့၌ပြုတော်မူသောကရုဏာနှင့်အံ့ဖွယ်သောအမှုတော်တို့ကိုထောက်၍ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြစေ။ (ဆာလံ ၁၀၇း၈)
- အရာရာ ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ အကြောင်းမူကား၊
သင်တို့သည်ထိုသို့ကျင့်စေခြင်းငှာ၊ ယေရှုခရစ် ၌သခင်ဘုရားအလိုတော်ရှိ၏။
(၁သက်၅း၁၈)
- ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုနှလုံးသွင်းလော့။ (ဖိလိပ္ပိ ၄း၈)

၅. <u>ကျေးဇူးတော်မချီးမွမ်းတတ်သောနှလုံးသား၏လက္ခဏာရပ်များ</u>

**Symptoms of an unthankful heart (Great Bible Study.com)**

- သေးငယ်သောအရာများ၌ပင်အပြစ်ရှာ တတ်၍လွယ်ကူစွာစိတ်ဆိုးတတ်ခြင်း၊
အကောင်းမမြင်တတ်သောသဘောထားရှိခြင်း၊
- မိမိကိုယ်ကိုယ်သော်လည်းကောင်း၊ဘုရား ကိုယ်သော်လည်းကောင်း၊
အခြားသောသူများကိုသော်လည်းကောင်း ခွင့်မလွှတ်နိုင်ခြင်း၊
- မိမိကိုယ်ကိုအမြဲ သိမ်ငယ်နေသည်ဟုခံစားရခြင်း၊
- မိမိရရှိခံစားရသောအရာများအတွက် ဘယ်သောအခါမှစိတ်ကျေနပ်မှုမရှိပဲ
အမြဲပင်လိုချင်တက်မက်မှုရှိခြင်း၊
- ဘုရားသခင်ပေးအပ်ထားသောအရာများအားဂရုမထားခြင်း၊

၆. <u>ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသား၏လက္ခဏာရပ်များ</u>

**Symptoms of a thankful heart**

- ကျေးဇူးတော်ချီးမွမ်းခြင်းသည်
ဘုရားသခင်နှစ်သက်သောအရာဖြစ်သည်ကိုသိမှတ်၍အရာရာ
တိုင်း၌ကျေးဇူးတော်ကိုချီးမွမ်းတတ်ခြင်း၊
- အပြစ်ရှာလိုခြင်းမရှိဘဲအကောင်းဘက်မှကြည့်မြင်လျက်ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊
- မိမိ၌ရရှိခံစားရသောအရာများအားလုံးသည် ကျေးဇူးတော်သက်သက်ဖြစ်ကြောင်း
ဝန်ခံသိမှတ်လျက်ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊

- ဘုရားသခင်၏ကျေးဇူးတော်ကိုဘယ်သောခါမှမေ့လျော့ခြင်းမရှိဘဲအစဉ်အမြဲကျေးဇူးတော်ကိုတစ်ခု
  နောက်တစ်ခုရေတွက်ချီးမွမ်းတတ်ခြင်း၊
- ဘုရားသခင်ပေးသောအရာများအတွက်
  စောဒကတတ်ခြင်းမရှိဘဲတန်ဖိုးထားလျက်ကျေးဇူးတော်
  ကိုချီးမွမ်းခြင်း၊

## ၇. သမ္မာကျမ်းစာထဲမှကျေးဇူးတော်ကိုသိ၍ချီးမွမ်းသောသူနှစ်ဦး

လုကာ၊ ၁၇း၁၁–၁၉(လူနူတစ်ဦး)

- ထိုသူတို့တွင်တစ်ယောက်သောသူသည်အနာရောဂါကင်းလွတ်သည်ကိုသိမြင်လျှင်၊ပြန်လာ၍ကြီးသောအသံနှင့်ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလေ၏။
  ခြေတော်ရင်း ၌ပြပ်ဝပ်၍ ကျေးဇူးတော်ကြီးပါသည်ဟုဝန်ခံလေ၏။ (၁၅)
- သင်ထ၍သွားလော့။
  သင်၏ယုံကြည်ခြင်းသည်သင်၏အနာကိုငြိမ်းစေပြီဟုထိုသူအားမိန့်တော်မူ၏။
  (၁၉)
- ကျေးဇူးသိတတ်၍ချီးမွမ်းတတ်သောသူကိုဘုရားသခင်ကပို၍ကောင်းကြီးပေး၊အနာရောဂါကိုပြီးပြည့်စုံအောင်ပျောက်ကင်းရသောအခွင့်ကိုဘုရားသခင်ကပေး၊

ယောဘဝတ္ထု (ယောဘ)

- ထာဝရဘုရားပေးတော်မူ၏။
  ထာဝရဘုရားလည်းရုပ်သိမ်းတော်မူ၏။ထာဝရဘုရား၏နာမတော်သည်
  မင်္ဂလာရှိပါစေသတည်း ဟုဆိုလေ၏။
  ယောဘသည်ဤအမှုအရာများနှင့်တွေ့ကြုံသော်လည်းမမှား
  မယွင်း။ ထာဝရဘုရားကိုလည်းအပြစ်မတင်ဘဲနေ၏။ (ယော ၁း၂၁–၂၂)
- ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကိုခံယူသည်ဖြစ်၍၊
  ဒုက္ခဆင်းရဲကို မခံမယူရာသလောဟုဆို၏။ ယောဘသည်ဤအမှုများနှင့်
  တွေ့ကြုံသော်လည်းနှုတ်ဖြင့်မျှမမှားမယွင်း။ (ယော ၂း၁၀)
- ဆင်းရဲဒုက္ခကိုမငြီးတွားပဲကျေးဇူးတော်ကိုချီးမွမ်းခြင်းဖြင့်သာကျော်လွှားခဲ့သဖြင့်
  ဘုရားသခင်ယခင်ကထက်ပိုသောကောင်းကြီးများကိုဘုရားသခင်မှရရှိခဲ့သည်။

## ၈. <u>စစ်မှန်သောကျေးဇူးတော်ချီးမွမ်းခြင်းတွင်ပြုလုပ်ရမည့်အချက်(၄)ချက် (၅ရာ ၁၆း၇–၃၆)</u>

- ဘုရားသခင်ပြုတော်မူခဲ့သောအရာ၊ ကောင်းကြီးများကိုအောက်မေ့သတိရရမည်။
  Remembering what God had done.
- ထိုကောင်းကြီးများကိုအခြားသောသူများအားပြောပြရမည်။
  Telling others about it.
- ဘုရားသခင်၏ဘုန်းတော်၊ ဂုဏ်တော်များကိုအခြားသောသူများအားပြသရမည်။
  Showing God’s glory to others.
- မိမိ၏အချိန်၊ ဥစ္စာပစ္စည်းများနှင့်မိမိကိုယ်ကိုပူဇော်ဆက်ကပ်ရမည်။
  Offering gifts of self, time, and resources.

နိဂုံး

ပေါ်လီယာနာ(၁၉၆၀)နှစ်က ရိုက်ကူးသော ရုပ်ရှင်ဇတ်ကားမှ အဓိက ကလေးသရုပ်ဆောင်၏ ကစားနည်းတစ်ခုမှာ အချိန်တိုင်းတွင် ဝမ်းမြောက်ရန်နှင့် အကောင်းဘက်မှကြည့်မြင်ရန်အတွက် ဝေမျှခြင်းအားဖြင့် သူမ၏မြို့မှလူများ၏အသက်တာကို ပြောင်းလဲစေခဲ့သည်။

ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသားဖြစ်ရန်အတွက်မွေးမြူဖို့ရန်အရေးကြီးပါသည်။ ကျေးဇူးတော်ချီးမွမ်းတတ်သောနှလုံးသားကို ဘုရားသခင် အလိုရှိသည်။ အရာရာတိုင်း၌ ကျေးဇူးတော်ချီးမွမ်းသည်သာမက၊ အချိန်တိုင်းတွင် ကျေးဇူးတော် ချီးမွမ်းဖို့လိုပါသည်။ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ကျွန်ုပ်တို့အယောက်စီတိုင်းသည် ဘုရားသခင်ထံမှ လာသောကောင်းကြီးများကို ပို၍ခံစားရသည်သာမက ငြိမ်သက်ခြင်း၊ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ခံစားရမည်ဖြစ်သည်။

အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲအရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွဆုတောင်းပဌနာပြုသောအားဖြင့်သင်တို့တောင်းပန်လိုသောအရာများကိုဘုရားသခင်အားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင်အဘယ် သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးကိုစောင့်မလိမ့်မည်။ (ဖိလိပိ၄း၆–၇)

အယောက်စီတိုင်း ကျေးဇူးတော်အစဉ်အမြဲချီးမွမ်းသော အသက်တာအားဖြင့် ဘုရားသခင့်ထံမှ ပိုမိုသော ကောင်းကြီးမင်္ဂလာများကို ခံစားရရှိသော သူများဖြစ်နိုင်ရန် ကြိုးစားအသက်ရှင်လိုက်ရှောက်ခြင်းဖြင့် ဘုရားဘုန်းတော် ထင်ရှားကြပါစို့ရယ်။

ခရစ်တော်၌
နန့်တင်တင်ဝင်း
Talbot School of Theology
Biola University






- ဝမ်းနည်းခြင်းများထဲကချီးမွမ်းလိုက်ပါ
  ကြေကွဲခြင်းများထဲကချီးမွမ်းလိုက်ပါ
  ဒုက္ခရောက်တဲ့အခါမှာလဲချီးမွမ်းလိုက်ပါ
  ဘုရားသားသမီးတွေပဲ

- သင်စိတ်ပျက်ခြင်းများနဲ့တွေ့ရတဲ့အခါ
  စုံစမ်းခြင်းများနဲ့တွေ့ရတဲ့အခါ
  ဝမ်းနည်းခြင်းများနဲ့တွေ့ရတဲ့အခါ
  ဘုရားကိုအားကိုးပါ

  - ဒုက္ခထဲကအော်ဟစ်၍ချီးမွမ်းသံကို
    ကိုယ်တော်ရှင်အလိုရှိနေတယ်
    သင်ရင်ဆိုင်နေရတဲ့အခက်အခဲများကြားထဲမှ
    ကိုယ်တော်ကိုချီးမွမ်းလိုက်ပါအုံး
    ပျော်ရွှင်ငြိမ်သက်ခြင်းကိုဘုရားရှင်ပေးလိမ့်မယ်

- ချမ်းသာမှကိုယ်တော်ကိုချီးမွမ်းမှာလား
  ကားစီးနိုင်မှကိုယ်တော်ကိုချီးမွမ်းမှာလား
  တိုက်နဲ့နေနိုင်မှကိုယ်တော်ကိုချီးမွမ်းမှာလား
  ဒါဆိုရင်မဟုတ်သေးဘူးလေ

- ချမ်းသာတဲ့အခါမှာလည်းချီးမွမ်းတတ်သလို
  ဒုက္ခရောက်တဲ့အခါမှာလည်းချီးမွမ်းလိုက်ပါ
  ကိုယ်တော်ရှင်ကသင့်ရဲ့ယုံကြည်ခြင်းကို
  အမြဲစမ်းသပ်နေတယ်

# လက်သမားကြီး၏ကရိယာတန်ဆာပလာများ

တခါက လက်သမား၏ ကရိယာထည့်သော ခါးပတ် (tool belt) ၌ ပါဝင်သည့် ကရိယာတန်ဆာပလာများဖြစ်ကြသော

- တူ (hammer)
- လွန်ငယ် (gimlet)
- ဝက်အူလှည့် (screw driver)
- ရွှေပေါ် (plane)
- လွှ (saw)
- ပေတံ (ruler) နှင့်
- ကော်ဖတ် (sand paper) တို့၏



အစည်းအဝေးတခုတွင် တစ်ယောက်ကို တစ်ယောက် အပြစ်တင်ကြသည်။ ကဲ့ရဲ့ကြသည်။

<u>**တူ**</u> ...... တူဖြင့် ထုထောင်းအလုပ်လုပ်သောအခါ ဆူညံလွန်းသည်ဟု ဝိုင်းဝန်းအပြစ်တင်ကြသည်။

<u>**လွန်ငယ်**</u> ...... လွန်ငယ်သည် သစ်သား၌ အပေါက်သေးသေး ဖောက်ရန်အတွက်သာ အသုံးချနိုင်သော ကရိယာအငယ်ကလေးဖြစ်သဖြင့် အရေးမကြီး၊ အရာမရောက်သော ကရိယာငယ်ကလေး တခုသာဖြစ်သည်ဟု အထင်သေးပြီး ပြောကြသည်။

<u>**ဝက်အူလှည့်**</u> ...... ကိုတပတ်ပြီး တပတ်လှည့်လှည့်ပြီး အသုံးချနိုင်မှ ခရီးတွင်အလုပ်ဖြစ်သည်ဟု အပြစ်တင်ကြသည်။

<u>**ရွှေပေါ်**</u> ...... ကို အပေါ်ရံမျက်နှာပြင်ကိုသာ ချောမွေ့အောင် ရွှေပေါ်ထိုးနိုင်သည်ကို အပြစ်တင်ကြသည်။ အတွင်းသားကို လုံးဝဂရုမစိုက်ဟု ကဲ့ရဲ့ကြသည်။

<u>**လွှ**</u> ...... ကို ပစ္စည်းဖြတ်ပစ်သည့်အခါ၌သာ အသုံးချနိုင်ကြောင်းကို အပြစ်တင်ကဲ့ရဲ့ ပြောဆိုကြသည်။

<u>**ပေတံ**</u> ...... ကို အရာအားလုံးကို တိုင်းတာတတ်ပြီး၊ ကိုယ့်ကိုသာလျှင် မှန်ကန်သည်ဟု ဘဝင်မြင့်နေကြောင်း အပြစ်တင်ကြသည်။

နောက်ဆုံး ......

<u>**ကော်ဖတ်**</u> ...... ကိုလည်းအလွတ်မပေး။ အလွန်ကြမ်းတမ်းသည်။ အခြားသူများကို ပွတ်တိုက်သွားတတ်သည်ကို ဝိုင်းဝန်း၍ အပြစ်တင်ကြသည်။

ဤကဲ့သို့ ဆွေးနွေးငြင်းခုံနေချိန်တွင် နာဇရက်မြို့သားလက်သမားကြီး ဝင်လာပြီး၊ ကရိယာခါးပတ်ကို ပတ်ကာ ပလ္လင်တော်တစ်ခုကို တည်ဆောက်ရန် တနေ့တာ အလုပ်ကို စတင်ပါတော့သည်။

ပေတံဖြင့်အတိုင်းအတာများကို မှန်အောင်တိုင်းပြီး .. လွှဖြင့် ဖြတ်ပေးသည်။

တူဖြင့် သံချောင်းများကို ဆူညံစွာဖြင့် ရိုက်သွင်းပေးသည်။ အပေါ်ယံမျက်နှာပြင်ကို ချောမွေ့အောင် .. ရွှေပေါ် ကို သုံး၍ ရွှေပေါ် ထိုးပေးသည်။

လွန်ငယ်လေးကို သုံး၍ အပေါက်ကလေးများကို ဖောက်ပေးပြီး၊ .. ဝက်အူများ ဝင်သွားသည်အထိ ဝက်အူလှည့်ဖြင့် တပတ်ပြီး တပတ်လှည့်ပေးသည်။

အခြားလိုအပ်သော ကရိယာများကိုလည်း အသုံးပြုပြီး ပလ္လင်တော်ကို ပြီးအောင်ဆောက်လုပ်သည်။ ကြမ်းတမ်းသောအစွန်း နှင့် ချွန်ထက်သော ထောင့်စွန်းများကို .. ကြမ်းတမ်းသော ကော်ဖတ်နှင့် ပွတ်တိုက်ပေးခြင်းဖြင့် စူးရှသောအစွန်းများ၊ ထောင့်စွန်းများ ချောမွေ့သွားသည်။

ကရိယာတို့ အချင်းချင်းပြုလုပ်သော အပြစ်တင်ခြင်းများ၊ စွပ်စွဲခြင်းများနှင့် ကဲ့ရဲ့ခြင်းများသည် သွေးထွက်အောင် လုံးဝမှန်ကန်ပါသည်။

သို့သော် ကျွမ်းကျင်သော လက်သမားကြီးသည် ကရိယာတစ်ခုစီကို သူ့နေရာနှင့်သူ မှန်ကန်အောင် အသုံးပြုခြင်းဖြင့် လှပတင့်တယ်သောပလ္လင်တော်ကို အောင်မြင်စွာ တည်ဆောက်နိုင်သည်။ ကရိယာတစ်ခုစီသည် သူ့နေရာနှင့်သူ အန်ဝင်ခွင်ကျ အလွန်အသုံးကျပြီး အခြားမည်သည့်ကရိယာမျှ မိမိတို့၏နေရာကို အစားထိုးယူ၍ မရနိုင်။ ❑❑

~ John Ma ~



နာဇရက်မြို့သား လက်သမားကြီး

# An Awesome God

Moses and the people were in the desert, but what was he going to do with them?

They had to be fed, and feeding 2 or 3 million people require a lot of food. According to the Quartermaster General In the Army, it is reported that Moses would have to have had 1500 tons of food each day.

Do you know that to bring that much food each day, two freight trains, each at least a mile long, would be required!

Besides you must remember, they were out in the desert, so they would have to have firewood to use in cooking the food. This would take 4000 tons of wood and a few more freight trains, each a mile long, just for one day.

And just think, they were forty years in transit.

And Oh yes! They would have to have water.
If they only had enough to drink and wash a few dishes, it would take 11,000,000 gallons each day and a freight train with tank cars, 1800 miles long, just to bring water!

And then another thing!
They had to get across the Red Sea at night.
Now, if they went on a narrow path, double file, the line would be 800 miles long and would require 35 days and nights to get through.

So there had to be a space in the Red Sea , 3 miles wide so that they could walk 5000 abreast to get over in one night.
But then, there is another problem... each time they camped at the end of the day, a campground two-thirds the size of the state of Rhode Island was required, or a total of 750 square miles long.

Think of it! This much space for camping.

Do you think Moses figured all this out before he left Egypt ?

I think not!
You see, Moses believed in God. God took care of these things for him.
Now do you think God has any problem taking care of all your needs?

**Our God is an Awesome God!!!**

So when the road you're traveling on… seems difficult at best,
just remember, keep on praying, and God will do the rest.

**If you have missed knowing my LORD and SAVIOR, JESUS CHRIST,**
**you have missed everything in the world!!!!   >>**




# Beautiful Christian Phrases

1. Give God what's right… not what's left.
2. Man's way leads to hopeless end… God's way leads to an endless hope.
3. A lot of kneeling will keep you in good standing.
4. He who kneels before God can stand before anyone.
5. In the sentence of life, the devil may be a comma, but never let him be the period.
6. Don't put a question mark where God puts a period.
7. Are you wrinkled with burden? Come to the church for a face-lift.
8. When praying, don't give God instructions… just report for duty.
9. Don't wait for six strong men to take you to church.
10. We don't change God's message… His message changes us.
11. The church is prayer-conditioned.
12. When God ordains, He sustains.
13. Warning: Exposure to the son may prevent burning.
14. Plan ahead… It wasn't raining when Noah built the ark.
15. Most people want to serve God, but only in an advisory position.
16. Suffering from truth decay? Brush up on your Bible.
17. Exercise daily… walk with the Lord.
18. Never give the devil a ride… he will always want to ride.
19. Nothing else ruins the truth like stretching it.
20. Compassion is difficult to give away because it keeps coming back.
21. He who angers you controls you.
22. Worry is the darkroom in which negatives can develop.
23. Give Satan an inch and he'll be a ruler.
24. Be ye fishers of men… You catch them and He'll clean them.
25. God doesn't call the qualified, He qualifies the called.

I hope ….. you liked all the 25 beautiful Christian phrases given above.